**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၂ /၂၀၁၅ )**

ရက်စွဲ ၊၂၀၁၅ ခုနှစ်၊ မတ် လ ၉ ရက်

အကြောင်းအရာ။ **အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များ တင်သွင်းခွင့်ပြုခြင်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းသတ်မှတ်ခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပမှ စက်ပစ္စည်းများ တင်သွင်းခွင့်ပြုရာတွင် အသစ်(Brand New)နှင့် ပြုပြင်ပြီး (Reconditioned) စက်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုခဲ့ပါသည်။ ယခုအခါ အသေးစား/အလတ်စား စက်မှုလုပ်ငန်းများ အပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူ ဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန် အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်း မရှိသောစက်ပစ္စည်း (Used Machine) များကို တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂။ အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းခွင့်ပြုရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ အသုံးပြုရန် မလိုအပ်သည့်/စက်စွမ်းအားကျဆင်းနေသည့် စက်ပစ္စည်းများကို စုပုံရောင်းချသည့် အခြေအနေမျိုး မဖြစ်ပေါ်စေရန်၊ မိမိနိုင်ငံ၏ စက်မှုလုပ်ငန်းများ/ အသေးစား အလတ်စားစက်မှု ကုန်ထုတ် လုပ်ငန်းများကိုသာ အထောက်အကူပြုစေမည့် စက်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုနိုင်ရေးကို ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၃။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine)များတင်သွင်းခွင့်ပြုရာတွင် တစ်နှစ်ချင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး၊ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို နှစ်စဉ် ပြန်လည်သုံးသပ်သွားမည်ဖြစ်ပါသည်။ တင်သွင်းခွင့်ပြုခြင်းကို နယ်စပ်ဒေသများမှ ခွင့်မပြုသေးဘဲ၊ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၄။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များကို ၂၀၁၅ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ပထမစမ်းသပ်ကာလအဖြစ် သတ်မှတ်ခွင့်ပြုပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်အား ပူးတွဲပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

ပူးတွဲ

# အသုံးပြုပြီးစက်ပစ္စည်း (Used Machine)များ တင်သွင်းခွင့်ပြုရန် လုပ်ထုံးလုပ်နည်း သတ်မှတ်ခြင်း

**နိဒါန်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပမှစက်ပစ္စည်းများ တင်သွင်းခွင့်ပြုရာတွင် အသစ်(Brand New)နှင့် ပြုပြင်ပြီး (Reconditioned) စက်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုပါသည်။ ယခုအခါအသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများက လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် သက်သာစေရန်အတွက် အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များ တင်သွင်းအသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် ဈေးနှုန်းသင့်တင့်သည့် အသုံးပြုပြီး၊ ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine)များ တင်သွင်း အသုံးပြုနိုင်စေရန်။

**လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်အပေါ် အခြေခံရမည့်အချက်**

၃။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) [အသုံးပြုပြီး၊ ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine)]များ တင်သွင်းခွင့်ပြုရာတွင် ဌာနဆိုင်ရာများ၏ သဘောထားမှတ်ချက်များကိုအခြေခံ၍ အောက်ဖော်ပြပါအချက်များအပေါ် အခြေခံ၍ခွင့်ပြုဆောင်ရွက်မည်ဖြစ်ပါသည်-

(က) Branded Quality Product များအတွက် Used Machine များ တင်သွင်း အသုံးပြုရေးကို သုံးစွဲသူများဆုံးရှုံးမှု မခံစားရစေရေးအတွက် သတ်မှတ်စည်းကမ်းများ ထားရှိဆောင်ရွက်သွားရန်။

(ခ) တင်သွင်းသည့် Used Machine ၏ Capacity နှင့် Efficiency အာမခံချက် ရရှိရေး ဆောင်ရွက်ထားသွားရန်။

(ဂ) ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှ ၎င်းတို့နိုင်ငံတွင် အသုံးပြုခွင့်မရတော့သည့် စက်ပစ္စည်းများအား နည်းလမ်းစုံဖြင့်လွှဲပြောင်းရောင်းချခြင်းဖြင့် မိမိတို့နိုင်ငံသို့ ရောက်ရှိ မလာစေရန်။

(ဃ) တင်သွင်းခွင့်ပြုမည့် အသုံးပြုပြီးစက်ပစ္စည်းအား စံချိန်စံညွှန်း သတ်မှတ်ရန်။

(င) တင်သွင်းလာသည့် အသုံးပြုပြီးစက်ပစ္စည်းများကို သတ်မှတ်ထားသည့် အဖွဲ့အစည်းတစ်ခုမှ စိစစ်ရန်။

**တင်သွင်းခွင့်ပြုမည့်အပေါ် အခြေခံသတ်မှတ်ချက်**

၄။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များကို တင်သွင်းခွင့်ပြုရာတွင် အောက်ဖော်ပြပါ အချက်အလက်များ သတ်မှတ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်-

(က) အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များကို ကိုယ်တိုင်လုပ်ငန်းတည်ထောင်ဆောင်ရွက်မည့် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်သူအပြင် တစ်ဆင့်ပြန်လည်ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းအတွက်ပါ ခွင့်ပြုမည် ဖြစ်ပါသည်။

(ခ) တင်သွင်းမည့် စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်းအပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလျှောက်ထားရမည်-

(၁) Brand Name

(၂) Capacity

(၃) ထုတ်လုပ်သည့်ခုနှစ် (Model Year)

(၄) ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)

(၅) စက်၏ သုံးစွဲသည့် စွမ်းအင် / လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓါတ်ဆီ၊ ဒီဇယ်၊ သဘာဝဓါတ်ငွေ့သုံး)

**အထွေထွေ**

၅။ အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းခွင့်ပြုရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံမှ အသုံးပြုရန် မလိုအပ်သည့် စက်စွမ်းအား ကျဆင်းနေသည့်စက်ပစ္စည်းများကို စုပုံရောင်းချသည့် အခြေအနေမျိုး မဖြစ်စေရန်အတွက် မိမိနိုင်ငံ၏စက်မှုလုပ်ငန်းများ၊ အသေးစားအလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများကိုသာ အထောက်အကူပြုစေမည့် စက်ပစ္စည်းများတင်သွင်းခွင့် ပြုနိုင်ရေး အတွက် တစ်နှစ်ချင်းခွင့်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တင်သွင်းခွင့်ပြုမည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကိုနှစ်စဉ် ပြန်လည် သုံးသပ်သွားမည်ဖြစ်ပါသည်။ တင်သွင်းခွင့်ပြုရာတွင် နယ်စပ် ဒေသများမှ တင်သွင်းခြင်းကို ခွင့်မပြုသေးဘဲ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမည် ဖြစ်ပါသည်။